# 3 နေထိုင်သူမှတ်တမ်းပါ အကြောင်းအရာအား စစ်ဆေးခြင်းနှင့် ထောက်ခံစာ ရယူလိုသည့်အချိန်

## 3-1 နေထိုင်သူမှတ်တမ်းပါ အကြောင်းအရာအား စစ်ဆေး၊ ထောက်ခံစာရယူလိုသည့်အချိန်

နေထိုင်သူမှတ်တမ်းတွင် မှတ်တမ်းတင်ထားသည့်အကြောင်းအရာများကို နေထိုင်လျက်ရှိသော မြို့နယ်ရုံးတွင် "နေထိုင်သူမှတ်တမ်းမိတ္တူ" သို့မဟုတ် "နေထိုင်သူမှတ်တမ်းပါအကြောင်းအရာထောက်ခံစာ" (လိုအပ်သည့် အချက်အလက်ကိုသာ ရေးသားဖော်ပြပေးသော ထောက်ခံစာ) ကို ထုတ်ယူရရှိခြင်းဖြင့် စစ်ဆေးနိုင်ပါသည်။

"နေထိုင်သူမှတ်တမ်းမိတ္တူ" သို့မဟုတ် "နေထိုင်သူမှတ်တမ်းပါအကြောင်းအရာထောက်ခံစာ"သည် လိုင်စင်ရယူခြင်းနှင့် အလုပ်ရှာသည့်အချိန်များတွင် ဂျပန်နိုင်ငံ၌ရှိသော မိမိ၏ လိပ်စာ၊ မည်သူမည်ဝါဖြစ်သည်ကိုဖော်ပြခြင်း အစရှိသည့် ထောက်ခံစာများအား လိုအပ်သည့်အချိန်တိုင်းတွင် ထုတ်ယူ၍ရနိုင်သည်။ ကာယကံရှင် သို့မဟုတ် ကာယကံရှင်၏အိမ်ထောင်စုဝင်များသာ ယင်းစာရွက်စာတမ်းကို မြို့နယ်ရုံးတွင် ထုတ်ယူနိုင်သည်။ အခြားသောသူများ ထုတ်ယူသည့်အခါ ကာကကံရှင်ထံမှ ကိုယ်စားလှယ်လွှဲစာလိုအပ်သည်။

| လိုအပ်သော စာရွက်စာတမ်းများ | တင်သွင်းရန်၊ စုံစမ်းရန် | ဝန်ဆောင်ခ |
|---|---|---|
| 1 နေထိုင်သူမှတ်တမ်းမိတ္တူထုတ်ယူလိုကြောင်း လျှောက်လွှာ<br>(လျှောက်လွှာသည် မြို့နယ်ရုံးတွင်ရှိသည်။)<br>2 မည်သူမည်ဂါဖြစ်ကြောင်းတိုက်ဆိုင်စစ်ဆေးနိုင်သော အထောက်အထား။<br><ကိုယ်စားလှယ်ဖြင့်လျှောက်သည့်အခါ><br>3 ကိုယ်စားလှယ်လွှဲစာ | နေထိုင်သည့် မြို့နယ်ရုံး | မြို့နယ်နှင့် နေထိုင်သူမှတ်တမ်းတွင် ထောက်ခံပေးရမည့် လူဦးရေအပေါ် လိုက်၍ ကွာခြားသည်။ (ယန်း 200 မှ 600 ကြား) |